**Beaumont**

# အထွေထွေ တောင်းခံသည့် ငွေပမာဏ (AGB) တွက်ချက်ခြင်း

BHSH System (အဓိကဆက်စပ်နေသော အဖွဲ့အစည်းများအပါအဝင်) သည် အရေးပေါ်နှင့် အခြားဆေးဘက်ဆိုင်ရာအရ လိုအပ်သော စောင့်ရှောက်မှုအတွက် အာမခံထားရှိသူများထံမှ အထွေထွေ တောင်းခံသည့် ငွေပမာဏ (AGB) ထက်ပိုပြီး ငွေကြေးအကူအညီဆိုင်ရာ မူဝါဒ ("FAP") အရ သတ်မှတ်ချက်ပြည့်မီသောလူနာများထံမှ ကောက်ခံမည်မဟုတ်ပါ။ ယင်းအစား BHSH System သည် ဤမူဝါဒအရ ငွေကြေးအကူအညီခံစားခွင့်ရရှိသော မည်သည့်လူနာအတွက်မဆို အရေးပေါ် သို့မဟုတ် အခြားဆေးဘက်ဆိုင်ရာအရ လိုအပ်သော စောင့်ရှောက်မှုကို ကျသင့်ငွေအခမဲ့ ပေးအပ်သည်။ BHSH System သည် ပြန်လည်ကြည့်ရှုစစ်ဆေးနည်းကို အသုံးပြုပြီး ဆေးရုံအသီးသီးအတွက် AGB ရာခိုင်နှုန်းကို တွက်ချက်ပေးသည်။ ယင်းသို့တွက်ချက်သည့်အခါ ယခင်ဆယ့်နှစ် (12) လ ပြက္ခဒိန်နှစ်အတွက် ပုဂ္ဂလိကအာမခံနှင့်အတူ Medicare အခပေးဝန်ဆောင်မှုက ခွင့်ပြုထားသော အရေးပေါ်နှင့် အခြားဆေးဘက်ဆိုင်ရာအရလိုအပ်သည့် စောင့်ရှောက်မှုအတွက် ငင်းတောင်းဆိုထားသည့်ပမာဏ စုစုပေါင်းကို အဆိုပါတောင်းဆိုမှုများအတွက် ဆက်စပ်သော စုစုပေါင်းကျသင့်ငွေများ၏ ပေါင်းလဒ်ဖြင့် စားခြင်းဖြင့် တွက်ချက်သည်။

အရေးပေါ်နှင့် အခြားဆေးဘက်ဆိုင်ရာအရလိုအပ်သော စောင့်ရှောက်မှုအပါအဝင် FAP သတ်မှတ်ချက်မီသော လူနာ/အာမခံသူအား ပံ့ပိုးပေးသော စောင့်ရှောက်မှုအားလုံးအတွက် စုစုပေါင်းကျသင့်ငွေများကို အောက်ပါဇယားရှိ သက်ဆိုင်ရာ AGB ရာခိုင်နှုန်းဖြင့် မြှောက်ခြင်းဖြင့် AGB ကို ဆုံးဖြတ်သည်။

| ဌာန/ဝန်ဆောင်မှုပေးသူ၏ အမည် | AGB % |
|---|---|
| Beaumont Hospital Dearborn | 22 |
| Beaumont Hospital Farmington Hills | 24 |
| Beaumont Hospital Grosse Pointe | 23 |
| Beaumont Hospital Royal Oak | 25 |
| Beaumont Hospital Taylor | 23 |
| Beaumont Hospital Trenton | 22 |
| Beaumont Hospital Troy | 23 |
| Beaumont Hospital Wayne | 22 |
| Beaumont Medical Group | 36 |